အမျိုးသားညီညွတ်ရေးအစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

အပတ်စဉ်ဆောင်းပါး အမှတ် (၄)

---

# ဇီဝမျိုးစုံမျိုးကွဲများ၊ ထိန်းသိမ်းရေးနှင့် ဖက်ဒရယ်စနစ်ရှိ အခွင့်အလမ်းများ (အပိုင်း-၃)



**Photo Reference from:**
Photo by Snowscat on Unsplash

အပိုင်း-၃

# ဇီဝမျိုးစုံမျိုးကွဲများ၊ ထိန်းသိမ်းရေးနှင့် ဖက်ဒရယ်စနစ်ရှိ အခွင့်အလမ်းများ

## ထိန်းသိမ်းရေးဆိုင်ရာ အခန်းကဏ္ဍများ

ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ် ထိန်းသိမ်းရာတွင် အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ နိုင်ငံသူ နိုင်ငံသား များ ပူးပေါင်းပါဝင်၍ ဝိုင်းဝန်းထိန်းသိမ်းကြရပါမည်။

### အစိုးရများ (ပြည်ထောင်စု၊ ပြည်နယ်၊ ဒေသန္တရ)

အစိုးရတစ်ရပ်အနေဖြင့် ဂေဟစနစ်၏ သဘာဝ အစိတ်အပိုင်းများအားလုံး (သစ်တောများ၊ တောတောင်များ၊ မြစ်များ၊ သမုဒ္ဒရာများနှင့် ရေဝပ်ဒေသများ) ကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် မူလအတိုင်း ပြန်ဖြစ်စေရန် ဆောင်ရွက်ရပါမည်။ ထို့ပြင် စွမ်းအင်ပိုင်းဆိုင်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ဆိုလာပြား (Solar panel)၊ လေအားလျှပ်စစ်ထုတ်စက်ကြီးများ (Wind turbine) နှင့် အခြားပတ်ဝန်းကျင်ကို ထိခိုက်မှု နည်းသည့်နည်းပညာများ အသုံးပြု၍ ထုတ်လုပ်ထားသော စွမ်းအင်များကို အသုံးပြုလာစေရန် ဆောင်ရွက်ရပါ မည်။ စိုက်ပျိုးရေးကဏ္ဍများတွင် ရှိသော တစ်ပိုင်တစ်နိုင် ဒေသခံတောင်သူငယ်များကို ကူညီဆောင်ရွက်ပေးရပါမည်။ သို့မှသာ ဒေသအလိုက် သဘာဝပတ်ဝန်းကျင် မပျက်စီးစေပဲ ရိက္ခာဖူလုံစေခြင်း၊ ကုန်စည်များ ပို့ဆောင် ရခြင်းကြောင့် ယာဉ်ယန္တရားများမှ ကာဗွန်ထုတ်လွှတ်မှုကို သိသာစွာ လျှော့ချနိုင်ခြင်းများ ဆောင်ရွက်ပြီးဖြစ် ပါမည်။

### အစိုးရမဟုတ်သော အဖွဲ့အစည်းများ

အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် လွတ်လပ် ၍ လက်တွေ့ကျသော အကြံဉာဏ်များကို မူဝါဒများ ပိုမိုကောင်းမွန်လာစေရန် ကူညီထောက်ပံ့ပေးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း (ဥပမာ - သင်တန်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် သုတေသနစင်တာများ တည်ထောင်ဆောင်ရွက်ခြင်း)၊ ဒေသခံပြည်သူ များ၊ အရပ်ဖက်အဖွဲ့များနှင့် အတူ လွတ်လပ်၍ ပွင့်လင်းမြင်သာသော ဆွေးနွေးမှုများပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းအားဖြင့် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ကြပါသည်။

## စီးပွားရေးလုပ်ငန်းများ

စီးပွားရေးလုပ်ငန်းများ ဥပမာ - ကုမ္ပဏီများအနေဖြင့် ရေသန့်ဘူးငယ်များကို အသုံးပြုမည့်အစား ရေသန့်ဘူးကြီးများမှ မိမိလိုသလောက်ကိုသာ ရယူအသုံးပြုခြင်း၊ မလိုအပ်ပါက စက္ကူများကို လျှော့ချပုံနှိပ်ခြင်း၊ LED လျှပ်စစ်မီးသီးများကို ပြောင်းလဲအသုံးပြုခြင်း၊ မလိုအပ်လျှင် နေအိမ်များမှ အလုပ်လုပ်ခွင့်ပြုခြင်း၊ ရုံးအဆောက် အဦများအတွင်းတွင် လေသန့်ပင်များ (Indoor plants purifying air pollution) စိုက်ပျိုးခြင်းဖြင့် လေထု၏ အရည်အသွေးကို ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ ကွန်ပျူတာများကို အသုံးမပြုသည့်အခါ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ချွေတာခြင်း၊ အများပြည်သူသွားလာသည့်နေရာများတွင် ပြန်လည်အသုံးပြုနိုင်သည့် အမှိုက်ပုံးများ (Trash bins for Compost, Waste, Recycle) ထားရှိပေးခြင်း၊ မလိုအပ်ပဲ ခရီးသွားမှုကို လျှော့ချခြင်း၊ သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြင့် ရပ်တည်ခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည်။

## နိုင်ငံသားတစ်ဦးတစ်ယောက်ချင်း



Photo Reference from:
https://www.thespruce.com/keep-reusable-bags-clean-and-usable-2147015

နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းအနေဖြင့် မလိုအပ်လျှင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်များအစား စက်ဘီးကိုပို၍ ပြောင်းလဲအသုံးပြုခြင်း၊ ၅ R (Reduce, Reuse, Recycle, Refuse, Rethink) နည်းလမ်းများကို အသုံးပြုခြင်း၊ ရေရှည်တည်တံ့မှုကို အခြေခံ၍ အစားအစာများကို ဝလင်ရုံ အာဟာရဖြစ်ရုံ စားသုံးခြင်း (အစား အစာများကို အလေအလွင့် မဖြစ်စေခြင်း)၊ အပင်များစိုက်ပျိုးခြင်းကို အားပေးခြင်း၊ မိမိကိုယ်တိုင် သဘာဝ တရားမှ ထောက်ပံ့ပေးသောအရာများကို နားလည်သဘောပေါက်ရန် ဗဟုသုတများကို လေ့လာဆည်းပူးခြင်း အပြင် အခြားသူများကိုလည်း ပြန်လည်၍ အသိပညာမျှဝေပေးခြင်း၊ ရေအရင်းအမြစ်များကို လေလွင့်ဆုံးရှုံးမှု မရှိစေရန် သေချာစွာအသုံးပြုခြင်း၊ ပလတ်စတစ်အိတ်များ အသုံးပြုမည့်အစား ပြန်လည်အသုံးပြု၍ရသော အိတ်များ (Reusable shopping bag) များ အသုံးပြုခြင်း၊ ဓာတုဗေဒပစ္စည်း

များကို လျှော့ချအသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်သည့် အစီအစဉ်များတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင် ဆောင်ရွက်ခြင်း၊ အစိမ်းရောင် ဖန်လုံအိမ် ဓာတ်ငွေ့များ လျှော့ချရန်အတွက် ကြာရှည်ခံသော လျှပ်စစ်မီးသီးများ အသုံးပြုခြင်း စသည့် အချက်များ ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့ကမ္ဘာမြေကြီးကို ထိန်းသိမ်းကာကွယ်သည့် နေရာတွင် တစ်စိတ်တစ်ဒေသမှ ပါဝင်ဆောင်ရွက်နိုင်သည်။

## ဖက်ဒရယ်စနစ်ရှိ အခွင့်အလမ်းများ (Opportunity in Federalism)

နိုင်ငံသူနိုင်ငံသားတိုင်း ကျန်းမာပျော်ရွှင်နိုင်မည့် နိုင်ငံရေးအခင်းအကျင်းအသစ်တွင် နိုင်ငံနှင့်တိုင်းသူပြည်သားတို့၏ ကျန်းမာရေး၊ စားဝတ်နေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြန်လည်ကုစားနိုင်ရန် အရေးတကြီး လိုအပ်မည် ဖြစ်ပါသည်။ ယင်းအတွက် အခွင့်အလမ်းများစွာလည်း ရှိပါသည်။ ယင်းတို့အနက် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်းသည် အခြေခံကျသော၊ လက်တွေ့ကျသောနည်း ဖြစ်ပါသည်။ သဘာဝ၏ အကျိုး ကျေးဇူးများဖြင့် နိုင်ငံသူနိုင်ငံသားတို့ ကျန်းမာပျော်ရွှင်ရေး၊ လေ့လာအပန်းဖြေရေး၊ စီးပွားရေးဆိုင်ရာ အခွင့် အလမ်းများ ဖန်းတီးရေးတို့အတွက် အတုယူလေ့လာနိုင်သည့် အမေရိကန်နိုင်ငံ၏ ချဉ်းကပ်ဆောင်ရွက်မှုကို အခြေခံ၍ ဖော်ပြထားပါသည်။

## အမျိုးသားဥယျာဉ်များမှရရှိသော အကျိုးကျေးဇူးများ (National Parks Benefits)

အမျိုးသားဥယျာဉ်များသည် နိုင်ငံ၏ မည်သည့်ပြည်နယ်၊မည်သည့်ဒေသတွင်တည်ရှိစေကာမူ နိုင်ငံသူနိုင်ငံသားအားလုံး ပိုင်ဆိုင်သည့် သဘာဝအမွေအနှစ်၊ ယဉ်ကျေးမှု အမွေအနှစ်၊ အမျိုးသားရေး လက္ခဏာအဖြစ် သဘောထားသတ်မှတ်ကာ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သင့်ပါသည်။ ဥပမာ - ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ (ယခု ကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ) သည် နိုင်ငံသူနိုင်ငံသား အားလုံးနှင့် သက်ဆိုင်ပါသည်။ ထို့အတူ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အလောင်းတောင်ကဿပ အမျိုးသားဥယျာဉ်၊ ဧရာဝတီလင်းပိုင်နှင့် ဧရာဝတီမြစ်၊ မြိတ်ကျွန်းစု၊ ရှားပါးကျားများ နေထိုင်ရာ ဟူးကောင်းချိုင့်ဝှမ်းနှင့် ထမံသီ၊ ဧရာဝတီမြစ်ဆုံဒေသ၊ အင်းတော်ကြီးနှင့် အင်းလေး၊ ကြိုးကြာငှက်တို့ ပျော်စံရာ မြစ်ဝကျွန်းပေါ်ဒေသ၊ မြိတ်ကျွန်းစု၊ ရွှေသမင်တို့ ကျက်စားရာ ချပ်သင်းနှင့် ရွှေစက်တော်တို့သည် နိုင်ငံသားတိုင်း ပိုင်ဆိုင်သည့် နေရာဒေသများဖြစ်ပါသည်။

အမျိုးသားဥယျာဉ်များမှ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရရှိနိုင်သည်။ အမျိုးသားဥယျာဉ်များမှ လူသား များအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေး ရရှိရန်အတွက် တစ်နှစ်ပတ်လုံး အခွင့်အရေးများ ထောက်ပံ့ပေး နိုင်သည်။ ထို့ပြင် အမျိုးသားဥယျာဉ်များသည် သုတေသနပြုမှု၊ စူးစမ်းရှာဖွေမှုနှင့် စွန့်စားမှုခရီးသွားမှုများကို အခြေပြုနိုင်သည့်အတွက် လူသားတို့ကို စိတ်ရောကိုယ်ရောပါ

တက်ကြွလန်းဆန်းစေပါသည်။ အမျိုးသား ဥယျာဉ်များအတွင်း သတ်မှတ်နေရာများတွင် အုပ်စုလိုက် လမ်းလျှောက်ခြင်းသည် စိတ်ကျခြင်းနှင့် စိတ်ဖိစီးမှု များခြင်းတို့ကို လျှော့ချပေးနိုင်ပါသည်။ အမျိုးသား ဥယျာဉ်များအတွင်း၌ အများပြည်သူ သွားလာခွင့်ပြုသည့် နယ်မြေများတွင် လေ့လာအပန်းဖြေခရီးထွက်ခြင်းသည် နေအိမ်အတွင်း၊ တိုက်ခန်းအတွင်း၌ လေ့ကျင့်ခန်း ပြုလုပ်ခြင်းထက် ၂ ဆ ကျန်းမာရေးကို ပိုမိုကောင်းမွန်စေသည်။ အာရုံစူးစိုက်နိုင်မှုတွင် ၂၀ ရာခိုင်နှုန်း တီထွင် ဖန်တီးမှုတွင် ၅၀ ရာခိုင်နှုန်း ပိုမိုတိုးတက်စေပါသည်။ ထို့ကြောင့် နိုင်ငံသူနိုင်ငံသားများအကျိုးငှာ အမျိုးသား ဥယျာဉ်များကို အဆင့်မြှင့်တင်၍ သဘာဝအကျိုးကျေးဇူးများ ထိတွေ့ခံစားနိုင်ရန် အသိပညာနိုးကြားရေး အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရပါမည်။

ထို့အပြင် အမျိုးသားဥယျာဉ်များသည် ဒေသနေပြည်သူများ စီးပွားရေးနှင့် နိုင်ငံ၏စီးပွားရေးကိုလည်း အထောက်အကူပြုပေးနိုင်သည်။ အမျိုးသား ဥယျာဉ်များသည် နိုင်ငံစီးပွားရေး၏ အဓိကကျသော အစိတ်အပိုင်း ဖြစ်ပြီး ကောင်းမွန်သော ခရီးသွားလုပ်ငန်းများနှင့် အများပြည်သူများ အပန်းဖြေလေ့လာနိုင်သည့် နေရာများ ပေါ်ပေါက်လာစေရန် ကူညီပေးနိုင်သည်။ ဥပမာ ၂၀၁၉ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ ၄၀၀ ကျော်သော အမျိုးသားဥယျာဉ်များသို့ လာရောက်လည်ပတ်သူ လူဦးရေ ၃၂၇ သန်းကျော် ရှိခဲ့ပါသည်။ အဆိုပါလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၄၁.၇ ဘီလီယံကို နိုင်ငံနှင့် နိုင်ငံသားတို့၏ စီးပွားရေးကို ထောက်ပံ့နိုင်ခဲ့သည်။ ထို့ပြင် လာရောက်လည်ပတ်သူများသည် ဥယျာဉ်၏ မိုင် ၆၀ အနီးအနားတွင်ရှိသော ဒေသခံပြည်သူများထံတွင် ဝင်ငွေ အားလုံးထဲမှ အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံကိုလည်း သုံးစွဲခဲ့ကြသည်။ လာရောက်လည်ပတ်သူများ သုံးစွဲခဲ့ သော ငွေကြေးများဖြင့် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၄၀,၀၀၀ ကိုလည်း ဖန်တီးပေးနိုင်ခဲ့ပါသည်။ မြန်မာ နိုင်ငံတွင် လက်ရှိ သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးသား ဥယျာဉ် ပေါင်း ၄၀ ကျော်ရှိပါသည်။ အဆိုပါ ဒေသများသည် မည်သည့်ဒေသတွင် ရှိစေကာမူ နိုင်ငံသားတိုင်း၏ သဘာဝအမွေအနှစ်၊ ယဉ်ကျေးမှုအမွေ အနှစ်၊ အမျိုးသားရေးလက္ခဏာများပင်ဖြစ်သည်။ ပြည်နယ်အသီးသီးတွင်လည်း ပြည်နယ်အစိုးရများ၊ ဒေသန္တရ အစိုးရများက အထက်ပါ လက္ခဏာများနှင့် ပြည့်စုံပါက ပြည်ထောင်စုအစိုးရ၏ မူဝါဒများနှင့်အညီ မိမိတို့ ပြည်နယ်သူပြည်နယ်သားများ သဘာဝဂေဟ ဝန်ဆောင်မှုများ၊ သဘာဝမှရရှိသော အကျိုးကျေးဇူးများ စဉ်ဆက် မပြတ် ရရှိခံစားရစေရန် အမျိုးသား ဥယျာဉ်များကို တည်ထောင်နိုင်ပါသည်။